# ၃၉။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံသို့ ပို့သောလမ်းခရီးဖြစ်၏

၁ ယော ၄း၇-၁၆

ချစ်သူတို့၊ ငါတို့သည် အချင်းချင်း ချစ်ကြကုန်အံ့။ အကြောင်းမူကား၊ ချစ်ခြင်း မေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ ချစ်တတ်သောသူ မည်သည်ကား၊ ဘုရားသခင် ဖြစ်ပွားစေတော်မူသော သူဖြစ်၏။ ဘုရားသခင်ကို သိသော သူလည်း ဖြစ်၏။

**ချစ်ခြင်းမရှိသော သူသည် ဘုရားသခင်ကိုမသိ၊ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။**

သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ၊ ဘုရားသခင်သည် တပါးတည်းသော သားတော်ကို  ဤလောကသို့ စေလွှတ်တော်မူသော အရာ၌၊ ငါတို့ကို ချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။

**ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ၊ သားတော်ကို စေလွှတ်တော်မူသော အရာ၌ ချစ်ခြင်းမေတ္တာရှိ၏။**

ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက် ချစ်တော်မူသည် မှန်လျှင်၊ ငါတို့သည်လည်း အချင်းချင်း ချစ်ရကြမည်။

**ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူး။ သို့သော်လည်း၊ အချင်းချင်းချစ်ကြလျှင်၊ ဘုရားသခင်သည် ငါတို့၌ တည်တော်မူ၍၊ ငါတို့သည် ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်စုံလျက်ရှိကြ၏။**

ဘုရားသခင်သည် ဝိညာဉ်တော်၏ ကျေးဇူးကို ငါတို့အား  ပေးတော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်၌ တည်သည်ကိုလည်းကောင်း၊ ဘုရားသခင်သည် ငါတို့၌ တည်တော် မူသည်ကို လည်းကောင်း သိရကြ၏။

**လောကီသားတို့ကို ကယ်တင်သော သခင် ဖြစ်စေခြင်းငှာ၊ ခမည်းတော်သည် သားတော်ကို စေလွှတ်တော်မူသည်ကို ငါတို့သည် သိမြင်၍ သက်သေခံကြ၏။**

ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို ဝန်ခံသောသူ မည်သည်ကား၊ ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။

**ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူခြင်း မေတ္တာတော်ကို ငါတို့သည် သိ၍ ယုံကြည်ကြ၏။ ဘုရားသခင်သည် ချစ်ခြင်း မေတ္တာ ဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌ တည်၏။ ဘုရားသခင် သည်လည်း ထိုသူ၌ တည်တော်မူ၏။**

၉ ၁